**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org




## လက်ရှိအခြေအနေ အကျဉ်းချုပ်

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလကုန်တွင် မြန်မာနိုင်ငံ အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၈၆ ဦး အကျဉ်းကျခံနေရသည်။ တက်ကြွလှုပ်ရှားသူ ၁၁၉ ဦးသည် နိုင်ငံရေး လှုပ်ရှားမှုများကြောင့် လက်ရှိအချိန်တွင် တရားရင်ဆိုင်နေရပြီး ထိုထဲမှ ၃၅ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရသည်။

# စက်တင်ဘာလ ၂၀၁၆ ခုနှစ်၊ နိုင်ငံရေး အကျဉ်းသားများ အခြေအနေပြ လစဉ်အစီရင်ခံစာ

## မာတိကာ

- တစ်လအတွင်း သုံးသပ်ချက်
- ထိန်းသိမ်းခံရခြင်းများ
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ
- ထောင်မှ လွတ်မြောက်မှုများ
- ထောင်တွင်း အခြေအနေများ
- နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ၊
- မြေယာသိမ်းဆည်းမှုများ
- လူ့အခွင့်အရေးနှင့်ဆိုင်သော ဆက်စပ်သတင်းများ
- နိဂုံးချုပ်နှင့် သုံးသပ်ချက်
- အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

# တစ်လအတွင်း သုံးသပ်ချက်

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင် အမျိုးသား တစ်ဦး ဖမ်းဆီးခံခဲ့ရသည်။ တက်ကြွလှုပ်ရှားသူ တစ်ဦး ပြစ်ဒဏ်ချမှတ်ခံခဲ့ရသော်လည်း ချက်ချင်း ပြန်လည် လွှတ်မြောက်လာခဲ့သည်။ နိုင်ငံရေးအကျဉ်းသားသုံးဦးမှာမူ ကျန်းမာရေး ဆိုးရွားလျက်ရှိ ကြောင်းသိရှိရသည်။

မီဒီယာ၊ နိုင်ငံရေးနှင့် နိုင်ငံသားတို့အပေါ် ကန့်သတ်ထားမှုများသည် ယခုလတစ်လျှောက်လုံးတွင်လည်း ဆက်လက်ရှိနေခဲ့သည်။ သတင်းဂျာနယ် နှစ်စောင်ဖြစ်သည့် The Voice Weekly နှင့် Envoy ဂျာနယ်တို့သည် ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ သတင်းဆောင်းပါးများအား ခွင့်ပြုချက်ယူရန်အတွက် ဆင်ဆာအဖွဲ့ထံသို့ ပေးပို့ရန် ပျက်ကွက်ခဲ့သောကြောင့် အကန့်အသတ်မရှိ ထုတ်ဝေခွင့် ဆိုင်းငံ့ခြင်းခံခဲ့ရသည်။ သတင်းထောက် ကိုအောင်လွင်သည် သတ္တုတူးဖော်ရေး လုပ်ငန်းမှ ထွက်လာသည့် ရေဆိုးများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးရခြင်းအကြောင်းကို "ငါးရံ့တစ်ကောင်၏ ရင်ဖွင့်သံ " ရသဆောင်းပါး ရေးသားခဲ့ ခြင်းအတွက် ရာဇသတ်ကြီး ပုဒ်မ ၅၀၀ ဖြင့် တရားစွဲဆိုခံခဲ့ရသည်။ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ရေဖြူမြို့နယ်တရားရုံးမှ သူ့အား ထောင်ဒဏ်ကျခံစေရန် သို့မဟုတ် ဒဏ်ငွေ သုံးသောင်းကျပ် ပေးဆောင်စေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ကိုအောင်လွင်သည် ဒဏ်ငွေ ပေး ဆောင်ခဲ့သည်။ စက်တင်ဘာလ ၁၆ ရက်နေ့တွင် တာမွေမြို့နယ် တရားရုံးမှ မဟာသန္တိသုခကျောင်းတိုက်ရှိ သံဃာငါးပါး၏ သာသနာ့စည်းမျဉ်းစည်းကမ်းများကို မလိုက်နာမှု၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးနှင့် တည်ဆောက်ရေးကောင်စီ ဥပဒေ အမှတ် ၂၀/၉၀ အား ရုပ်သိမ်းပေးရန် လျှောက်ထားချက်ကို ပယ်ချ ခဲ့သည်။

အစိုးရသစ်လက်ထက်တွင်လည်း နိုင်ငံသားများကို ဖမ်းဆီး၊ ထိန်းသိမ်းရန်နှင့် ပြစ်ဒဏ်ချမှတ်ရန် ဆက်သွယ်ရေးဥပဒေအား လက်နက်သဖွယ် ဆက်လက် အသုံးပြုလျက်ရှိသည်။ လူမှုရေးနှင့်နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ကိုရာပြည့်ခေါ် ကိုမျိုးသူဝင်းသည် ဆရာတော် ဦးဝီရသူနှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့အား အသရေဖျက်သော ဓာတ်ပုံနှင့် စာသားများ လူမှုကွန်ရက်စာမျက်နှာတွင် တင်သည်ဟု စွ ပ်စွဲခံခဲ့ရကာ စက်တင်ဘာလ ၁၅ ရက်နေ့တွင် မော်ဘီမြို့နယ် တရားရုံးမှ ဆက်သွယ် ရေးဥပဒေ ၆၆/ဃ ဖြင့် စွဲချက်တင်ခြင်းကို ခံခဲ့ရသည်။

စက်တင်ဘာလ ၂၆ ရက်နေ့တွင် စစ်ကိုင်း အလုပ်သမား အခွင့်အရေးဆန္ဒပြသူများသည် ၎င်းတို့၏ ၁၂ ကြိမ်မြောက် ရုံးချိန်းကို နေပြည်တော်ရှိ တပ်ကုန်းမြို ့နယ် တရားရုံး၌ တက်ရောက်ခဲ့သည်။ ကျောင်းသား ငါးဦးမှာမူ တရားစီရင်ရေးအား ဆက်လက် သပိတ်မှောက်လျက်ရှိသည်။

စစ်တင်ဘာလတစ်လျှောက်လုံးတွင် တိုင်းရင်းသားဒေသများ၌ စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များကြား တိုက်ပွဲများ ဆက်လက် ဖြစ်ပွားလျက်ရှိပြီး လူ့အခွင့် အရေးချိုးဖောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်မှ အမျိုးသားတစ် ဦးသည် ရက္ခိုင့်တပ်မတော်နှင့် ဆက်သွယ်သည်ဟု စွပ်စွဲခံခဲ့ရကာ ဖမ်းဆီးခံခဲ့ရသည်။

စက်တင်ဘာလတွင်းတွင် လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများထဲမှ တိုးတက်မှုတစ်ချို့ရှိလာသည်ကို တွေ့မြင်နိုင်သည်။ ပြည်သူ့လွှတ်တော်မှ ဖျက်သိမ်းရန် အတည်ပြုခဲ့ပြီးဖြစ်သော အတိုက်အခံနိုင်ငံရေးသမားများကို ဖိနှိပ်ရာတွင် အသုံးပြုလေ့ရှိသည့် ခေတ်နောက်ကျလျက်ရှိသော အရေးပေါ် စီမံမှု အက်ဥပဒေအား ဖျက်သိမ်းရန် အမျိုးသားလွှတ်တော်မှ အတည်ပြုခဲ့သည်။ သေဒဏ်မှ ထောင်ဒဏ်တစ်သက်တစ်ကျွန်းအထိ ချမှတ်နိုင်သော ၁၉၅၀ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အရေးပေါ် စီမံမှုအက်ဥပဒေသည် ရေရာမှုမရှိသော ပြစ်မှုများအတွက် နိုင်ငံတော်အား ဆန့်ကျင်သူများကို ပြစ်ဒဏ်များ ချမှတ် နိုင်ရန် ဖြစ်သည်။ အတိုက်အခံ နိုင်ငံရေး လှုပ်ရှားသူများကို ဖိနှိပ်ရာတွင် အသုံးပြုလေ့ ရှိသည့် ထိုဥပဒေအား ဖျက်သိမ်းခြင်းသည် ဒီမိုကရေစီဆီသို့ ဦးတည် ရွေ့လျားရာတွင် လိုအပ်လျက်ရှိသော နိုင်ငံ၏ ဥပဒေ ပြုပြင်ပြောင်းလဲရေး၌ တိုးတက်မှု၊ အရေးပါမှုဖြစ်သည်ကို ဖော်ပြလျက်ရှိသည်။ ထိုမျှသာမက စစ် အစိုးရလက်ထက်တွင် နိုင်ငံရေး လှုပ်ရှားသူများကို ဖမ်းဆီးရာတွင် အသုံးပြု လေ့ရှိသည့် ရပ်ကွ က် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေး ဥပဒေတွင် ပါဝင်သည့် ဧည့်စာရင်းတိုင်ကြားရန်ဟူသည့် ပြဋ္ဌာန်းချက် ပုဒ်မ ၁၃(ဆ) ကို ဖျက်သိမ်းရန် ပြည်သူ့လွှတ်တော်မှ အတည်ပြုခဲ့သည်။ ထို့ပြင် ပြည်သူ့လွှတ်တော်မှ နိုင်ငံသားများ၏ အခြေခံကျသော လူ့အခွင့်အရေးများကို ကာကွယ်ရန် ပျက် ကွက်ခဲ့ သည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် (MNHRC) အား အရေးယူရန် အတည်ပြုခဲ့သည်။ MNHRC ၏ ဆောင်ရွက်ချက်များ သည် ထိရောက်မှုမရှိဟု ဇူလိုင်လကုန်၌ ရန်ကုန်တိုင်း ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များမှလည်း ဝေဖန်ခဲ့ကြသည်။ ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် လားရှိုးမြို ့နယ်၊ မိုင်းယောကျေးရွာသား ငါးဦးကို သတ်ဖြတ်ခဲ့မှုတွင် ပါဝင် ခဲ့ခြင်းအတွက် စက်တင်ဘာလ ၁၅ ရက်နေ့တွင် လားရှိုးမြို့နယ်၊ အရှေ့မြောက် တိုင်းစစ်ဌာနချုပ် စစ်တရားရုံး မှ တပ်မတော်သား ခုနစ်ဦးအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ငါးနှစ်စီချမှတ်ခဲ့သည်။ ထိုအခြင်းအရာသည် စစ်တပ် ၏ မကြုံဖူးသည့် ပြောင်းလဲမှုဖြစ်ပြီး ရှေ့ဆက်ပြောင်းလဲမှု၌ တစ်ဦး ချင်းစီ တာဝန်ခံမှုအတွက် အရေးပါမှုလည်း ဖြစ်သည်။

# ထိန်းသိမ်းခံရခြင်းများ

**ရက္ခိုင့်တပ်မတော်နှင့် ဆက်နွယ်ခြင်းအတွက် စစ်တပ်မှ အမျိုးသား တစ်ဦးကို ဖမ်းဆီး**

ရက္ခိုင့်တပ်မတော်နှင့် ဆက်နွယ်နေခြင်းကြောင့် စက်တင်ဘာလ ၁၉ ရက်နေ့တွင် စစ်တပ်မှ မြောက်ဦးမြို့နယ်၊ ကျီးပြင်ရွာမှ အမျိုးသားတစ်ဦးကို လိုင်ဂွင်ရွာအနီးတွင် ဖမ်းဆီးခဲ့သည်။ စစ်တပ်မှ သူ့အား ရိုက်နက် စစ်ဆေးပြီးနောက် ရက္ခိုင့်တပ်မတော်နှင့် ဆက်နွယ်လျက်ရှိသော ရွာသားလေးဦးကို ရှာဖွေရန်လိုင်ဂွင်ကျေးရွာသားများအား စစ်ဆေး မေးမြန်းခဲ့ပြီး ရွာသားများကို ရွာပြင်ထွက်ခွင့် တားမြစ်ခဲ့သည်။

စက်တင်ဘာလ ၂၆ ရက်နေ့နှင့် ၂၈ ရက်နေ့တွင် မြောက်ဦးမြို့နယ်၊ မြတန်ဆောင်း ဆရာတော်နှင့် သူ၏ မိသားစုဝင်များမှ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးချုပ်တို့နှင့် တွေ့ဆုံခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူပေးရန် ပန်ကြားခဲ့သည်။ ထို့ကြောင့် စက်တင်ဘာလ ၂၈ ရက် နေ့တွင် စစ်ဖက်ရေးရာ လုံခြုံရေးအဖွဲ့မှ သူ့အား အမှတ် ၁ စစ်တွေမြို့မရဲစခန်းသို့ လွှဲပြောင်းခဲ့သည်။ အမှတ် ၁ စစ်တွေမြို့မရဲစခန်းမှ သူ့အား မတရား အသင်းအက်ဥပဒေပုဒ်မ ၁၇/၁ ဖြင့် အမှုဖွင့် အရေးယူခဲ့သည်။

[၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်၊ BNI/မြန်မာ]
[၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်၊ BNI/မြန်မာ]
[၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်၊ The Voice/မြန်မာ]
[၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်၊ BNI/မြန်မာ]

# ထောင်မှလွတ်မြောက်မှုများ

**ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) မှ ထိန်းသိမ်းထားသော ရွာသားများကို ပြန်လွှတ်ပေး**

စက်တင်ဘာလ ၂၂ ရက်နေ့တွင် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) မှ ၎င်းတို့ ဖမ်းဆီး၊ ထိန်းသိမ်းထားသော နမ့်လန်တိုက်နယ် အနီးတဝိုက်ရှိ ကျေးရွာများမှ ရွာသား ၅၂ ဦးအား ပြန်လွှတ်ပေးခဲ့သည်။ RCSS မှ ၎င်းတို့အား မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲနေသည်ဟု စွပ်စွဲကာ ဖမ်းဆီး၊ ထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။ ထိုရွာသားများသည် မူးယစ်ဆေးဝါး ရောင်းဝယ် သုံးစွဲနေသူများဟု RCSS မှ ပြောဆိုသော်လည်း ရဲတပ်ဖွဲ့မှ RCSS လူသစ်စု ဆောင်းသည်ဟု သံသယရှိပြီး ရွာသားများကို ပြန်လည် လွှတ်ပေးရန် ပြောကြားခဲ့သည်။ အကယ်၍ ရွာသားများကို မလွှတ်ပေးခဲ့လျှင် အရေးယူမည်ဟုလည်း ပြောကြားခဲ့သည်။ RCSS သည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) အား လက်မှတ်ရေးထိုးထားပြီး NCA မှ လက်မှတ်ရေးထိုးထားသူများကို အဓမ္မလူသစ်စုဆောင်းခြင်းမှ တားမြစ်ထားသည်။
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်၊ မြန်မာတိုင်း

# ထောင်တွင်းအခြေအနေများ

**ထောင်တွင်းရှိ အလုပ်ကြမ်းစခန်း အခြေအနေများအားMyanmar Now မှ အစီရင်ခံစာ ထုတ်ပြန်**

လများစွာကြာ စုံစမ်းမှုများပြုလုပ်ပြီးနောက် ထောင်တွင်းရှိ အလုပ်ကြမ်း စခန်းများတွင် လူ့အခွင့်အရေး ချိုးဖောက်မှု အများအပြားရှိနေကြောင်း Myanmar Now မှ ထုတ်ဖော်ခဲ့သည်။ အကျဉ်းထောင် အလုပ်ကြမ်း စခန်းများတွင် တစ်နှစ်လျှင် လေးဆယ် ရာခိုင်နှုန်းခန့် အကျဉ်းသား များ သေဆုံး လျက်ရှိကြောင်း အစိုးရ၏ ဖော်ပြထားမှုအရ သိရှိရသည်။ ယခုလက်ရှိတွင် မြန်မာနိုင်ငံ၌ အကျဉ်းထောင် အလုပ် ကြမ်းစခန်း ၄၈ ခုရှိပြီး စခန်း ၃၁ ကို စိုက်ပျိုးရေးနှင့် မွေးမြူရေး အသက်မွေးဝမ်း ကြောင်း လေ့ကျင့်ရေး စင်တာများအဖြစ် လွှဲပြောင်းပေးခဲ့သည်။ အကျဉ်းသားများသည် ရိုက်နက် ခံနေရခြင်းနှင့် ခက်ခဲကြမ်းတမ်းသော အလုပ်များပေးအပ်ခံရခြင်းမှ လျော့နည်းစေရန် အရာရှိများကို လာဘ် ထိုးနေရခြင်းရှိကြောင်း အကျဉ်းသားများထံမှ သိရှိရသည်။ ထောင် အရာရှိတစ်ဦးမှ ထိုအခြင်းအရာများဖြစ်ပွားနေခြင်းကို ငြင်းဆိုခဲ့ပြီး အကျဉ်းသားများကို အကြမ်းဖက်ခြင်းသည် ပြဿနာတစ်ခုဖြစ်ပြီး ဥပမာအားဖြင့် ၎င်းထံသို့ အကြမ်းဖက်မှု တစ်ခု ဖြစ်ပွားသည်ဟု တင်ပြခဲ့ပြီး ထိုအကြမ်းဖ က်မှု၌ ပြင်းထန်စွာ ဒဏ်ရာမရရှိခဲ့ပါက စွပ်စွဲခံရသော အစောင့်ကို နှုတ်ဖြင့် သတိပေးခဲ့သည်ဟု ပြောကြား ခဲ့သည်။ အစိုးရ အာဏာပိုင်များမှ စနစ်ကျစွာ ချိုးဖောက်မှုများ မရှိ ကြောင်း ငြင်းဆိုခဲ့သည်။ ထို့ပြင် အာဏာပိုင်များမှ ပုဂ္ဂလိက လုပ် ငန်းများတွင် ထောင်တွင်း အလုပ်ကြမ်းလုပ် ရသူများအား အသုံးပြု လျက်ရှိသည်ကို ခွင့်ပြုထားခြင်းသည် မြန်မာနိုင်ငံပါဝင်သော နိုင်ငံ တကာ အလုပ်သမားအဖွဲ့အစည်း၏ ၁၉၃၀ ခုနှစ် အဓမ္မ လုပ်အား ပေးခိုင်းစေခြင်း သဘောတူညီချက်ကို ချိုးဖောက်ခြင်းဖြစ်သည်။

[၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်၊ ဒီဗွီဘီ]

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

### သတင်းဂျာနယ်နှစ်စောင် အကန့်အသတ်မရှိ ဆိုင်းငံ့ခံရ

သတင်း ဂျာနယ်နှစ်စောင်ဖြစ်သည့် The Voice Weekly နှင့် Envoy ဂျာနယ်တို့သည် ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ သတင်းဆောင်းပါးများအား ခွင့်ပြုချက် ရယူရန်အတွက် ဆင်ဆာအဖွဲ့ထံသို့ ပေးပို့ရန် ပျက်ကွက်ခဲ့သောကြောင့် အကန့်အသတ်မရှိ ထုတ်ဝေခွင့် ဆိုင်းငံ့ခြင်းခံခဲ့ရသည်။

The Voice Weekly နှင့် Envoy ဂျာနယ်တို့သည် ဆင်ဆာစိစစ်ခြင်း မပြုရသေးသော ၎င်းတို့၏ ဆောင်းပါး ရုစ်ပုဒ်နှင့် ခုနစ်ပုဒ်တို့အား ဇူလိုင်လ နှောင်း ပိုင်းတွင် အသီးသီးထုတ်ဝေခဲ့ကြသည်။

စာနယ်ဇင်း စိစစ်ရေးနှင့် မှတ်ပုံတင် ဌာနခွဲ၏ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေမှ ထိုသို့ ရွှေ့ဆိုင်းထားခြင်းအား နောက်သို့ ပြန်သွားခြင်းဟု မယူဆစေလို ကြောင်း၊ ယခုကာလသည် အကူးအပြောင်းကာလဖြစ်ပြီး ပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာ မီဒီယာဥပဒေသည် ပြဋ္ဌာန်းရခြင်း မရှိသေးကြောင်း၊ လွတ်လပ်စွာ ထုတ်ဝေရန် အချိန်မကျသေးကြောင်း ပြောကြားခဲ့သည့်ပြင် ၁၉၆၂ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ခြင်း ဥပဒေသည် ရှိနေဆဲဖြ စ်ပြီး ဝန်ကြီးဌာနနှင့် အားလုံးကို ပူးပေါင်း ဆောင်ရွက်စေချင်သည်ဟုလည်း ပြောကြားခဲ့သည်။
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်၊ မြန်မာတိုင်း

### မြန်မာဂျာနယ်လစ်ကွန်ရက်မှ ကြေငြာချက်တစ်စောင်ထုတ်ပြန်

စက်တင်ဘာလ ၄ ရက်နေ့တွင် မြန်မာ ဂျာနယ်လစ် ကွန်ရက်မှ ကြေငြာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး သတင်းထောက်များ သတင်းယူနေစဉ် ကိုယ်ထိ လက်ရောက် စော်ကားခံခဲ့ရခြင်းအတွက် ကန့်ကွက်ကြောင်း ထုတ်ပြန်ခဲ့သည်။ မြန်မာ ဂျာနယ်လစ် ကွန်ရက်၏ ပြန်ကြားရေးကော်မတီ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကိုကောင်းထက်စံမှ သတင်းထောက်များ သတင်းယူနေစဉ် ရိုက်နှက်ခံခဲ့ရခြင်းသည် တစ်နည်းအားဖြင့် လွတ်လပ်စွာ သတင်းယူခြင်းကို ပိတ်ပင်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

ဩဂုတ်လ ၂၂ ရက်နေ့တွင် ကြည့်မြင်တိုင်ဘူတာတွင် သတင်း ယူနေသော မြန်မာ့ခေတ် သတင်းဌာနမှ သတင်းထောက် ကိုဉာဏ်လ င်းထက်ကို မီးရထား ဂန်ထမ်းနှစ်ဦးမှ တိုက်ခိုက်မှုပြုလုပ်ခဲ့ပြီး စက်တင်ဘာ ၁၁ ရက်နေ့တွင် ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ကွင်း၌ ပြုလုပ်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ကန့်ကွက်သည့် ဆန္ဒပြပွဲတွင် Myanmar Press photo Agency မှ သတင်းထောက် ကိုမြတ်သူကျော်ကို ဆန္ဒဖော်ထုတ်သူများမှ ကိုယ်ထိ လက်ရောက် တိုက်ခိုက်ခဲ့သည်။

မြန်မာ ဂျာနယ်လစ် ကွန်ရက်အနေဖြင့် ထိုတိုက်ခိုက်ခံရမှုများအား လက်ခံမည် မဟုတ်ပဲ ထိုကိစ္စနှင့် ပတ်သက်၍ ရဲချုပ်၊ စာနယ်ဇင်းကောင်စီနှင့် တရားသူကြီးချုပ်တို့ ထံသို့လည်း စာများ ဆက်လက်ပေးပို့သွားမည်ဟု ပြောကြားခဲ့သည်။ ထို ကြေငြာချက်ထဲ၌ ဥပဒေစည်းကမ်းများနှင့်အညီ သတင်းယူနေသော သတင်းထောက်များကို တိုက်ခိုက်သော မည်သည့် အဖွဲ့အစည်း၊ မည်သည့် ပုဂ္ဂိုလ်ကိုမဆို မြန်မာဂျာနစ်လစ် ကွန်ရက်မှ ရှုတ်ချကြောင်း အဆိုပါ ထုတ်ပြ န်ကြေငြာချက်ထဲတွင် ဖော်ပြခဲ့သည်။
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်၊ မဇ္ဈိမ/မြန်မာ

### စစ်ကိုင်း အလုပ်သမား အခွင့်အရေး ဆန္ဒပြသူများ ရုံးချိန်းတက်ရောက်

စက်တင်ဘာလ ၁၉ ရက်နေ့တွင် စစ်ကိုင်း အလုပ်သမား အခွင့်အရေး ဆန္ဒပြသူများသည် ၎င်းတို့၏ ၁၁ ကြိမ်မြောက် ရုံးချိန်းကို နေပြည်တော်ရှိ တပ်ကုန်းမြို့နယ် တရားရုံး၌ တက်ရောက်ခဲ့သည်။ ၎င်းတို့၏ ဆယ်ကြိမ်မြောက် ရုံးချိန်း၌ အလုပ်သမား သပိတ်ခေါင်းဆောင် ကိုခိုင်မင်းမှ တရားလိုပြ သက်သေ ဆယ်ဦး ထက်ကျော်လွန်ပါက တရားစီရင်ရေးအား သပိတ်မှောက်မည်ဟုပြောကြားခဲ့ပြီး ယခုလက်ရှိတွင် တရားလိုမှ သက်သေ ၃၂ ဦး တင်သွင်းထားသည်ဟု ပြောကြားခဲ့သည်။ ၎င်းတို့မှ အမှုအား မြန်ဆန်စွာ ပြီးဆုံးစေရန်အတွက် တရားရင်ဆိုင်ခဲ့ခြင်းဖြစ်ပြီး တရားသူကြီးအား အမှုအား ရှည်ကြာစေရန် ပြု လုပ်ပါက တရားစီရင်ရေးအား သပိတ်မှောက်မည်ဟု ပြောကြားခဲ့သည်။

တရားသူကြီးမှ တရားလိုပြသက်သေ ၃၂ ဦးထက် လျော့နည်းစေရန်အတွက် မြို့နယ်ဥပဒေရုံးနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်ဟု ထုတ်ဖော် ပြောဆိုခဲ့သည်။ ကျောင်းသား ငါးဦးမှာမူ တရားစီရင်ရေးအား ဆက်လက် သပိတ်မှောက်လျက်ရှိသည်။
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်၊ အီလဲဗင်း
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်၊ 7 Day Daily/မြန်မာ

### မှော်ဘီမြို့နယ်တရားရုံးမှတက်ကြွလှုပ်ရှားသူတစ်ဦးကိုစွဲချက်တင်

စက်တင်ဘာလ ၁၅ ရက်နေ့တွင် မှော်ဘီမြို့နယ် တရားရုံးမှ လူမှုရေးနှင့်နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ကိုရာပြည့်ခေါ် ကိုမျိုးသူဝင်းအား ဆက်သွယ် ရေးဥပဒေ ၆၆/ဃ ဖြင့် စွဲချက်တင်ခဲ့သည်။ သူသည် မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ (DPP)၏ ဥက္ကဋ္ဌတစ်ဦးဖြစ်သူ ဦးနေမျိုးဇေ၏ လူမှုကွန်ရက်စာ မျက်နှာ ကို အတုပြုလုပ်၍ ဆရာတော် ဦးဝီရသူနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တို့အား အသရေဖျက်သော ဓာတ်ပုံနှင့် စာသားများအား လူမှုကွန်ရက်စာမျက်နှာတွင် တင်သည်ဟု စွပ်စွဲခံခဲ့ရသည်။

မေလ ၂၂ ရက်နေ့တွင် သူသည် ဖမ်းဆီး ခံခဲ့ရပြီး ယခုလက်ရှိတွင် အင်းစိန်ထောင်၌ ထိန်း သိမ်းခံထားရသည်။ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ (DPP) ပါတီ၏ အတွင်းရေးမှူးဖြစ်သူ ဒေါ်သီရိနေလင်းမှ သူ့အား ဆက်သွယ် ရေးဥပဒေ ၆၆/ဃ ဖြင့် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်၊ အေအေပီပီ၏ လူမှုကွန်ရက်စာမျက်နှာ

**မဟာ သန္တိသုခကျောင်းမှ ဆရာတော်များအား တရားစွဲဆိုထားမှု ရုပ်သိမ်းရန် လျှောက်ထားချက်ကို ပယ်ချ**

စက်တင်ဘာလ ၁၆ ရက်နေ့တွင် တာမွေမြို့နယ် တရားရုံးမှ မဟာ သန္တိသုခကျောင်းတိုက်ရှိ လန်ဒန်ဆရာတော် အပါအဝင် သံဃာငါးပါး၏ သာသနာ့ စည်းမျဉ်းစည်းကမ်းများကို မလိုက်နာမှု ၊ သံဃာ့ အဖွဲ့ အစည်းနှင့် ဆက်နွယ်သော နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးနှင့် တည် ဆောက်ရေးကောင်စီ ဥပဒေ အမှတ် ၂၀/၉၀ အား ရုပ်သိမ်းရန် လျှောက်ထားချက်ကို ပယ်ချခဲ့သည်။ လန်ဒန်ဆရာတော်၏ ရှေ့နေ ဖြစ်သူ ဦးသိန်းဝင်းမှ တိုင်းသာသနာရေး ဦးစီးမှူးဖြစ်သူ ဦးစိန်ဝင်းသည် အဓိက တရားလိုဖြစ်သော်လည်း နနစ်ကျော်ကြာသည့်တိုင် တရားရုံး သို့ လာရောက် စစ်ဆေးခံရန် ပျက်ကွက်ခဲ့သောကြောင့် တရားစွဲ ဆိုခံထားရသော ဆရာတော်များမှ အမှုအား ရုပ်သိမ်းပေးရန် လျှောက် ထားခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် တာမွေမြို့နယ် တရးသူကြီးမှ တရားလိုသည် နိုင်ငံ့ဝန်ထမ်း ဖြစ်သည့်အတွက် တရား လိုမှ ခွင့်တိုင်ကြားခြင်းမရှိသော်လည်း ၎င်း၏ ဌာနမှ ၎င်းအတွက် ခွင့် တိုင်ထားပေးသောကြောင့် အမှုကို ဆက်လက်စစ်ဆေးရန် အမိန့် ချမှတ်ခဲ့ကြောင်း ဦးသိန်းဝင်းမှ ပြောကြားခဲ့သည်။

လန်ဒန်ဆရာတော်ဟု လူသိများသည် ဦးဥတ္တရ၊ ဦးပညာစာရ (ထားဝယ်)၊ ဦးတေဇိန္ဒ၊ ဦးသုန္ဒာသီရိနှင့် ဦးနန္ဒိရတို့သည် ရာဇသတ်ကြီး ပုဒ်မများဖြစ်သည့် သာသနာ ညှိုးနွမ်းစေမှု ပုဒ်မ ၂၉၅ (က) နှင့် ပိုင်နက်ကျူးလွန်မှုတို့ဖြင့် စွပ်စွဲခံခဲ့ရပြီး မဟာသန္တိသုခ ကျောင်းတိုက်ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ညသန်းခေါင် အချိန်၌ အာဏာပိုင်များနှင့် သံဃာ့ မဟာနယက ဆရာတော်များမှ ဝင်ရောက်စီးနင်းကာ များစွာသော သံဃာတော်များကို ဖမ်းဆီးခဲ့သည်။ သံဃာ ငါးပါးသည် ခဏသာ အကျဉ်းကျခံခဲ့ရပြီးနောက် လူထုမှ ဆန္ဒထုတ်ဖော်ခဲ့၍ အာမခံဖြင့် လွတ် မြောက်ခဲ့သည်။ ပုဒ်မ ၂၉၅/က စွဲချက် ကို ပယ်ဖျက်ပြီးဖြစ်သော်လည်း ဆရာတော်များသည် သံဃာအဖွဲ့အစည်းနှင့် ဆက်နွယ်သော ဥပဒေ အမှတ် ၂၀/၉၀ ဖြင့် ဆက်လက်၍ အမှုရင်ဆိုင်နေရ သည်။
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်၊ The Voice/မြန်မာ

# မြေယာသိမ်းဆည်းမှုများ

**လယ်ယာမြေအငြင်းပွားမှုကြောင့် လယ်သမားများ၊ သေဆုံး ဒဏ်ရာရ**

ရောဝတီတိုင်း၊ လပွတ္တာမြို့နယ် ရွှေကျွန်းသာဒေသ တွင် မူလလယ်သမားများနှင့် လက်ရှိလယ်သမားများကြား လယ်ယာမြေအငြင်းပွားမှုဖြစ်ပွားခဲ့သောကြောင့် လယ်သမားတစ်ဦး သေဆုံးခဲ့ကာ သုံးဦးဒဏ်ရာရရှိခဲ့သည်။ ထိုအငြင်းပွားလျက်ရှိသော လယ်ယာမြေများအား ၁၉၉၂ ခုနှစ်တွင် သစ်တောဌာနမှ ဒီရေတော စီမံကိန်းအတွက် သိမ်းယူခဲ့သော်လည်း မည်သည့် စီမံကိန်းမျှ အကောင်အထည် ဆောင်ရွက်ခဲ့ခြင်းမရှိခဲ့ပဲ လယ်သမားတချို့အား သီးစားခရယူ၍ လယ်စိုက်ပျိုးခွင့်ပြုခဲ့သည်။ ေြ မ သိမ်းခံခဲ့ရသည့် မူလလယ်သမားများက ၎င်းတို့အား လယ်လုပ်ခွင့်ပေးရန် ၂၀၁၃ ခုနှစ်တွင် စတင် တောင်းဆို ခဲ့ရာမှ မူလလယ်သမားများနှင့် လက်ရှိ လယ်သမားများကြား အငြင်းပွားမှု စတင်ခဲ့ခြင်း ဖြစ်သည်။ စက်တင်ဘာလ ၃ ရက်နေ့ အခင်းဖြစ်ပွားပြီးနောက် ရဲများမှ လယ်သမား ၁၂ ဦးအား ဖမ်းဆီးခဲ့ သည်။

[၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်၊ ရောဝတီ]

[၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်၊ ရောဝတီ/မြန်မာ]

# လူ့အခွင့်အရေးနှင့်ဆိုင်သော ဆက်စပ်သတင်းများ

**AAPP မှ ငြ မန်မာနိုင်ငံ၏ အကျဉ်းထောင် အခြေအနေနှင့် အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေး အလားအလာ အစီရင်ခံစာ စတင်မိတ်ဆက်**

စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPPB) မှ မြန်မာနိုင်ငံ၏ အကျဉ်းထောင် အခြေအနေနှင့် အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေး အလားအလာ အစီရင်ခံစာအား စတင် မိတ်ဆက်ခဲ့သည်။ ထိုအစီရင်ခံစာသည် မြန်မာနိုင်ငံတွင်း အကျဉ်း ထောင်စနစ် ပြုပြင်ပြောင်းလဲရေးအတွက် အလားအလာရှိသည်များကို ပမာဏ (ကြိုတင်) အကဲဖြတ်ထားခြင်းဖြစ်ပြီး အကျဉ်းထောင်စနစ် ပြုပြင် ပြောင်းလဲရေးအတွက် ဘက်ပေါင်းစုံမှ အစီအစဉ်များ တည်ဆောက်ရန်အတွက်လည်း ရည်ရွယ်သည်။ ထိုအစီရင်ခံစာမှ ယခုလက်ရှိ အကျဉ်းထောင်အခြေ အနေများဖြစ်သည့် အကျဉ်းထောင်အတွင်း လူဦးရေပြွတ်သိပ်နေခြင်း၊ ညှဉ်းပန်းနှိပ်စက်နည်းများကို အသုံးပြုခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု အားနည်းခြင်းတို့ကို မီးမောင်းထိုးပြထားပြီး နိုင်ငံတကာ စံချိန်၊ စံညွှန်းများ အတိုင်းလိုက်နာရန် ပျက်ကွက်လျက်ရှိခြင်းသည် အကျဉ်းထောင် စနစ် ပြုပြင် ပြောင်းလဲရန်အတွက် ခိုင်မာသော အကြောင်းအရာများဖြစ်စေသည်။

[၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်၊ အေအေပီပီ အင် တာနက်စာမျက်နှာ]

**နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ်၏ ၂၁ ရာစုပင်လုံငြိမ်းချမ်းရေးညီလာခံကို စတင်**

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အချိန်ကြာမြင့်စွာ တွေ့ရခဲသည့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရည်ရွယ်၍ တိုင်းရင်းသား အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ စစ်ဘက်ရေးရာ အရာရှိများနှင့် အစိုးရ ကိုယ်စားလှယ်များပါဝင်သော နိုင်ငံ၏ ငြိမ်းချမ်းရေး ညီလာခံအား ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှ စတင်ကာ လေးရက်ကြာ ကျင်းပခဲ့သည်။

၁၉၄၈ ဗြိတိသျှကိုလိုနီလက်အောက်မှ လွတ်လပ်ရေးရရှိပြီးနောက် ဆယ်စုနှစ်များစွာကြာ တိုင်းရင်းသား ခွဲထွက်ရေးအတွက် ပြည်တွင်းစစ်များဖြစ်ပွားပြီး သည့်နောက် ရေရှည် တည်တံ့သော ငြိမ်းချမ်းရေး ရရှိစေရန် ကြိုးပမ်းမှုတစ်ရပ်နေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ခေါ် ပင်လုံညီလာခံအား ကျင်းပခဲ့ခြင်းဖြစ်သည်။ တိုင်းရင်းသား အဖွဲ့အစည်းများမှ ညီလာခံနှင့် ပတ်သက်၍ မျှော်လင့်ချက် အနည်းသာထားရှိခဲ့ပြီး တချို့အဖွဲ့များမှ ထိရောက်သော ဆွေးနွေးမှုများ မရှိခြင်းအတွက် စိုးရိမ်မကင်းဖြစ်ခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည်မှ နိုင်ငံရေးဆွေးနွေးရေးမူဘောင် အဆုံးသတ်လုပ်ဆောင်နိုင်ရန် အစိုးရမှ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပူးတွဲကော်မတီနှင့်အတူ နောက်ခြောက်လတွင် ညီလာခံ ထပ်မံကျင်းပရန် ကတိပြုခဲ့သည်။

စစ်တပ်နောက်ခံပြုထားသော အစိုးရဟောင်းနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ရှစ်ဖွဲ့တို့မှ တနိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေး စာချုပ်အား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် လက်မှတ်ရေးထိုးခဲ့ခြင်းသည် ငြိမ်းချမ်းရေးအတွက်သာမက ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအတွက်ပါ ဖြစ်သည်ဟု ဒေါ်အောင်ဆန်းစုကြည်မှ ပြောကြားခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်၊ အထွေထွေအတွင်းရေးမှူးမှ ညီလာခံသည် ငြိမ်းချမ်းရေးဆီသို့ ဦးတည်နေသည့် အပြုသဘောဆောင်သော ပထမခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ပူးပေါင်းပါဝင်သူများဟု သုံးနှုန်းရမည့်အစား လေ့လာသူများဟု သုံးနှုန်းသည်ကို တွေ့ရှိပြီးနောက် ညီလာခံ ပထမနေ့တွင် ညီလာခံမှထွက်ခွာခဲ့သော ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော်နှင့် ညီလာခံဦးဆောင်စီစဉ်သူများတို့ကြား နားလည်မှုလွဲမှားခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ဝင်အများအပြားသည် ညီလာခံ မှတ်တမ်းမှတ်ရာများ၌ စစ်တပ်အရာရှိများအား ၎င်းတို့၏ ရာထူး အဆင့်အတိုင်း အမည်တပ်ထားစဉ်တွင် ၎င်းတို့၏ ရာထူးအဆင့်များကို အမည်တပ်ဖော်ပြထားခြင်း မရှိသောကြောင့် ကျေနပ်ခြင်း မရှိခဲ့ပါ။

[၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့၊ ဘီဘီစီ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့၊ လွတ်လပ်သော အာရှအသံ]
[၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့၊ အီလဲဗင်း]
[၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့၊ မြန်မာတိုင်း/မြန်မာ]
[၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့၊ မြန်မာတိုင်း/မြန်မာ]
[၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့၊ မြန်မာတိုင်း/မြန်မာ]
[၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့၊ မြန်မာတိုင်း/မြန်မာ]
[၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့၊ မြန်မာတိုင်း]

**အမျိုးသားလွှတ်တော်မှ အရေးပေါ် စီမံ မှု အက် ဥပဒေအား ဖျက်သိမ်းရန် အတည်ပြု**

အမျိုးသားလွှတ်တော်မှ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများကို ဖမ်းဆီး ဖိနှိပ်ရာတွင် အသုံးပြုလေ့ရှိသည့် အရေးပေါ် စီမံမှု အက်ဥပဒေအား ဖျက်သိမ်းရန် အတည်ပြုခဲ့သည်။ ပြည်သူ့လွှတ်တော်မှ ထိုဥပဒေအား ဖျက်သိမ်းရန် အတည်ပြုခဲ့ပြီးဖြစ်သည်။

[၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်၊ ဧရာဝတီ]
[၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်၊ ဧရာဝတီ]
[၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်၊ မြန်မာတိုင်း]

**မိုင်းယော်ရွာသားများ သတ်ဖြတ်ခံရမှုအတွက် တပ်မတော်သားများအား ပြစ်ဒဏ်ချမှတ်**

၂၀၁၆ ခုနှစ်၊ ဇွန်လတွင် လားရှိုးမြို့နယ်၊ မိုင်းယောကျေးရွာသား ငါးဦးကို သတ်ဖြတ်ခဲ့မှုတွင် ပါဝင်ခဲ့ခြင်းအတွက် စက်တင်ဘာလ ၁၅ ရက်နေ့တွင် လားရှိုးမြို့နယ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်တရားရုံးမှ တပ်မတော်သား ခုနစ်ဦးအား အပြစ်ရှိကြောင်းတွေ့ရှိ၍ ပြစ်ဒဏ်များ ချမှတ်ခဲ့သည်။ ထိုတပ်မတော်သား ခုနစ်ဦးကို ရာထူးအဆင့်များမှ လျှော့ချခဲ့ပြီး အလုပ်ကြမ်းနှင့် ထောင်ဒဏ် ငါးနှစ်စီချမှတ်ခဲ့သည်။ ပြစ်ဒဏ်ချမှတ်သည့်ကာလ တိုတောင်းသောကြောင့် သေဆုံးသူများ၏ မိသားစုဝင်များမှ ကျေနပ်ခြင်းမရှိခဲ့ပါ။ ထို့ပြင် ၎င်းတို့သည် မည်သည့် လျော်ကြေးမှုလည်း မရရှိခဲ့ပါ။

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်၊ ဒီဗွီဘီ
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်၊ BNI/မြန်မာ
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်၊ မြန်မာတိုင်း

# နိုဝင်ဘာလ နိဂုံးချုပ်နှင့်သုံးသပ်ချက်

နှစ်ပေါင်းငါးဆယ်ကျော်အတွင်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခဲ့သော အရပ်သားအစိုးရသည် ယခုလက်ရှိတွင် အစိုးရတာဝန် ထမ်းဆောင်သည်မှာ ခြောက်လသက်တမ်း ကုန်ဆုံးပြီဖြစ်သည်။ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ အမျိုးသား ပြန်လည်သင့်မြတ်ရေးရရှိရန်နှင့် ဆယ်စုနှစ်များစွာကြာ တိုင်းရင်းသား ခွဲထွက်ရေးအတွက် ပြည်တွင်းစစ်များဖြစ်ပွားပြီးသည့် နောက် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ရရှိစေရန် ကြိုးပမ်းမှုတစ်ရပ် အနေဖြင့် ၂၁ ရာစုပင်လုံညီလာခံအား ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၃ ရက်နေ့ထိ ကျင်းပခဲ့သည်။ အစိုးရမှ ညီလာခံအား ကျင်းပခြင်း၊ ဖိနှိပ်ထားသော ဥပဒေများကို ဖျက်သိမ်းခြင်းစသည့် ကြိုးပမ်းမှုများရှိသော်လည်း နိုင်ငံတွင်း လူ့အခွင့် အရေးအခြေ အနေများသည် အနည်းငယ်သာ တိုးတက်မှုရှိသည်ကို တွေ့ မြင်နိုင် သည်။ သို့သော်လည်း နိုင်ငံရေးအကျဉ်းသားရေးရာ အခြေအနေများ တိုးတက်မှုမရှိခြင်း၊ မီဒီယာမျုးကို ကန့်သတ်ထားမှုများ ဆက်လက်ရှိ နေခြင်း၊ နိုင်ငံရေးလှုပ်ရှားသူများကို ဖမ်းဆီးရန်နှင့် ပြစ်ဒဏ်ချမှတ်ရန် ဖိနှိပ်ထားသော ဥပဒေများကို ဆက်လက် အသုံးပြုနေခြင်း၊ စစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကြားတွင် တိုက်ပွဲများပိုမိုဖြစ်ပွား လျက်ရှိခြင်းတို့သည် အစိုးရသစ် အနေဖြင့် နိုင်ငံတွင်း လူ့အခွင့်အရေး များကို လေးစားလိုက်နာ အားပေးမြှင့်တင်ခြင်း မပြုနိုင်သေးခင် အရေးပါ သော တိုးတက်မှုပြုလုပ်ရန် လိုအပ်လျက်ရှိသည်ကို ပြသလျက်ရှိသည်။

ယခုလတွင် နိုင်ငံရေးအကျဉ်းသားများကို တရားစွဲဆိုခြင်းနှင့် ပြစ်ဒဏ် ချမှတ်ခြင်းများ သိသာထင်ရှားစွာ လျော့နည်းလာသော်လည်း စက်တင် ဘာလ ကုန်တွင် နိုင်ငံရေးအကျဉ်းသား ၂၀၅ ဦး ဆက်လက်ရှိနေခြင်း ကြောင့် ၎င်းတို့အား လွှတ်ပေးရန် မျှော်လင့်ချက်အနည်းငယ်သာရှိ သည်ကို မြင်နိုင်သည်။ နိုင်ငံရေးအကျဉ်းသား ၂၀၅ ဦးထဲတွင် အများစုသည် လယ်သမားများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များမှ အဖွဲ့ဝင်များဖြစ်ခြင်းကြောင့် အစိုးရမှ ၎င်းတို့အား နိုင်ငံရေး အကျဉ်းသားအဖြစ် သတ်မှတ်ထားခြင်းမရှိကြောင်း ပြသလျက်ရှိသည်။ နိုင်ငံရေးအကျဉ်းသားရေးရာကိစ္စကို ဖြေရှင်းရန် အစိုးရမှ ထိုအဖွဲ့များ အပါအဝင် တရားဝင် နိုင်ငံရေးအကျဉ်းသား အဓိပ္ပါယ်ဖွင့်ဆိုချက်ကို သတ်မှတ်ပေးရန် လိုအပ်လျက်ရှိသည်။ နိုင်ငံရေး အကျဉ်းသားအဓိပ္ပါယ် ဖွင့်ဆို သတ်မှတ်နိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားအဖြစ် တရားဝင် အသိအမှတ် ပြုမှုရရှိရေးနှင့် နိုင်ငံရေး အကျဉ်းသားအားလုံးကို ခြွင်းချက်မရှိလွှတ်ပေးရေး သည် အမျိုးသားပြန်လည်သင့် မြတ်ရေးရရှိရန်အတွက် အခြေခံကျသော အချက်ဖြစ်သည်။

အမျိုးမျိုးသောဥပဒေများဖြင့် ငြိမ်းချမ်းစွာ ကွဲလွဲမှုများနှင့် လွတ်လပ်စွာ ပြောဆိုခွင့်၊ မီဒီယာ လွတ်လပ်ခွင့်တို့ကို တရားစွဲဆိုနိုင်ရန်အတွက် ဆက်လက် အသုံးပြုလျက်ရှိသောကြောင့် နိုင်ငံ၏ ခေတ်နောက်ကျလျက်ရှိသောဥပဒေကို ပြုပြင်ပြောင်းလဲရန် တိုက်တွန်းပါသည်။ ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ သတင်း ဆောင်းပါးများအား ခွင့်ပြုချက်ရယူရန် ဆင်ဆာအဖွဲ့ထံသို့ပေးပို့ရန် ပျက် ကွက်သောကြောင့် သတင်းဂျာနယ်နှစ်စောင်ဖြစ်သည့် The Voice Weekly နှင့် Envoy ဂျာနယ်တို့အား အကန့်အသတ်မရှိ ထုတ်ဝေခွင့် ဆိုင်းငံ့ထားခြင်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းမှ ထွက်လာသည့် ရေဆိုးများကြောင့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးရခြင်းအကြောင်းကို ဆောင်းပါးရေးသားခဲ့ခြင်း အတွက် သတင်းထောက် ကိုအောင်လွင်အား ပြစ်ဒဏ်ချမှတ်ခြင်းတို့ သည် အစိုးရမှ မီဒီယာများအပေါ် ဆက်လက် ထိန်းချုပ်ထားလျက်ရှိသည်ကို ပြသ လျက်ရှိသည်။

လေးလကြာသည့်တိုင် ထိန်းသိမ်းခံထားရဆဲဖြစ်သော စစ်ကိုင်း အလုပ်သမား အခွင့်အရေး ဆန္ဒပြသူများသည် ၎င်းတို့၏ ၁၂ ကြိမ်မြောက်ရုံးချိန်းကို တက်ရောက်ခဲ့သည်။ ထိုမျှသာမက တာမွေမြို့နယ်တရားရုံးမှ ကာလကြာရှည် စွာ အမှုရင်ဆိုင်နေရသော မဟာသန္တိသုခဘုန်းကြီးကျောင်းမှ ဆရာတော်များ ၏ အမှုအား ရုပ်သိမ်းရန် လျှောက်ထားမှုအား ပယ်ချခဲ့သည်။ ထိုကဲ့သို့ ကြာရှည်စွာ အမှုရင်ဆိုင်နေရခြင်းသည် အတိုက်အခံများကို ခြိမ်းခြောက်ရန် အာဏာပိုင်များမှ တရားရေးစနစ်အား ချိုးဖောက်နေခြင်းဖြစ်သည်ကို ပြသ လျက်ရှိပြီး တရားစီရင်ရေးစနစ်၏ အားနည်းချက်များကို ပြသရာလည်း ရောက် သည်။ အထူးသဖြင့် အာဏာပိုင်များမှ တရားရေးစနစ်၏ ထိခိုက်လွယ်မှုကို ချိုးဖောက်နေခြင်းဖြစ်သည်။ ထို့ပြင် အသရေဖျက်သော ဓာတ်ပုံနှင့် စာသား များအား လူမှုကွန်ရက်စာမျက်နှာတွင် တင်ခဲ့ခြင်းအတွက် ဆက်သွယ်ရေး ဥပဒေ ၆၆/ဃ ဖြင့် စွဲချက်တင်ခံခဲ့ရသော ကိုရာပြည့်၏ အမှုအား ကြည့်ခြင်းဖြင့် စစ်တပ်မှ တရားစီရင်ရေးစနစ်အပေါ် များစွာ လွှမ်းမိုးထားဆဲရှိသည်ကို ပြသ လျက်ရှိသည်။ အစိုးသစ်သည် စစ်တပ်၏ ချုပ်ကိုင်ထားမှုကို ဆန့်ကျင်ရန် ပိုမိုဆောင်ရွက်ရမည်ဖြစ်သည်ကို ပြသလျက်ရှိပြီး အရပ်သားအစိုးရသစ်နှင့် ယခင် စစ်အစိုးရဟောင်းမှ အရိုးစွဲနေသည့် ပြုရို ကရေစီစနစ်တို့ကြား အား

ပြင်မှုများကို ဆန့်ကျင် တိုက်ခိုက်ရမည်ဖြစ်သည်။

ယခုလတွင်လည်း လူ့အခွင့်အရေး ချိုးဖောက်မှုများ များစွာရှိခဲ့သည်။ စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များမှ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ညှဉ်းပန်းနှိပ်စက်မှုများ ဆက်လက် ကျူးလွန်နေခြင်းကြောင့် အစိုးရသစ်အနေဖြင့် ညှဉ်းပန်းနှိပ်စက်မှုများကို ဆန့်ကျင်သည့် ကုလသမဂ္ဂ သဘောစာချုပ် (UNCAT) နှင့် နောက်ဆက်တွဲ လိုက်နာစောင့်ထိန်းအပ်သည့် လုပ်ထုံး လုပ်နည်းကျင့်ဝတ် (OPCAT) ကိုလည်း လက်မှတ်ထိုးရန် လိုအပ်ပါသည်။ နိုင်ငံတွင်း စစ်မှန်သော ပြောင်းလဲမှု စတင်ရန်နှင့် အကြမ်းဖက်သော အလေ့အထ၊ အကျင့်ပျက်ခြင်းနှင့် အလွဲသုံးစားမှု ကျူးလွန်သူများအား ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပေးခြင်းတို့ အဆုံးသတ်ရန်နှင့် နိုင်ငံတကာ စံချိန်စံညွှန်းများအတိုင်း နိုင်ငံတွင်းဥပဒေ ပြဋ္ဌာန်းနိုင်ရန်အတွက် ဥပဒေ ပြုပြင်ပြောင်းလဲမှုရှိရန် ဆက်လက်ဆောင်ရွက်ရေးသည် မရှိမဖြစ် လိုအပ်သည်။

ဥပဒေပြုပြင်ပြောင်းလဲရေး၏ အရေးပါမှုကို ပြသရန်အတွက် စက်တင်ဘာလ ၂၅ ရက်နေ့တွင် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPPB) မှ မြန်မာနိုင်ငံ၏ အကျဉ်းထောင် အခြေအနေနှင့် အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေး အလားအလာ အစီရင်ခံစာအား စတင် မိတ်ဆက် ခဲ့သည်။ ထိုအစီရင်ခံစာသည် မြန်မာနိုင်ငံတွင်း အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေးအတွက် အလားအလာရှိသည်များကို ပမာဏ (ကြိုတင်) အကဲဖြတ်ထားခြင်း ဖြစ်ပြီး အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေးအတွက် ဘက်ပေါင်းစုံမှ အစီအစဉ်များ တည်ဆောက်ရန်လည်း ရည်ရွယ်သည်။ ဒီမိုကရေဆီသို့ ဦးတည်လျက်ရှိသော ထိခိုက်လွယ်ပြီး ခက်ခဲမှုရှိသော အကူးအပြောင်း ကာလတွင် AAPP မှ အစိုးရသစ်အား လက်ကျန် နိုင်ငံရေးအကျဉ်းသား အားလုံးကို အမြန်ဆုံး လွှတ်ပေးရန် တိုက်တွန်းပါသည်။

# အရေးပါသော ဆက်စပ်သတင်းများ ဖတ်ရန် Links

## စက်တင်ဘာလ ၁ ရက်

ထောင်တွင်းရှိ အလုပ်ကြမ်းစခန်း အခြေအနေများအား Myanmar Now မှ အစီရင်ခံစာ ထုတ်ပြန်၊ ဒီဗွီဘီ

နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ငြိမ်းချမ်းရေးညီလာခံကို စတင်၊ လွတ်လပ်သော အ

နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ငြိမ်းချမ်းရေးညီလာခံကို စတင်၊ အီလဲဗင်း

နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ငြိမ်းချမ်းရေးညီလာခံကို စတင်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ငြိမ်းချမ်းရေးညီလာခံကို စတင်၊ မြန်မာတိုင်း

နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ငြိမ်းချမ်းရေးညီလာခံကို စတင်၊ မြန်မာတိုင်း

နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ငြိမ်းချမ်းရေးညီလာခံကို စတင်၊ မြန်မာတိုင်း

နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ငြိမ်းချမ်းရေးညီလာခံကို စတင်၊ မြန်မာ[illegible]

## စက်တင်ဘာလ ၂ ရက်

အမျိုးသားလွှတ်တော်မှ အရေးပေါ် စီမံမှု အက်ဥပဒေအား ဖျက်သိမ်းရန် အတည်ပြု၊ ဧရာဝတီ

## စက်တင်ဘာလ ၃ ရက်

နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ငြိမ်းချမ်းရေးညီလာခံကို စတင်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ငြိမ်းချမ်းရေးညီလာခံကို စတင်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

## စက်တင်ဘာလ ၅ ရက်

နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ငြိမ်းချမ်းရေးညီလာခံကို စတင်၊ မြန်မာတိုင်း

လယ်ယာမြေအငြင်းပွားမှုကြောင့် လယ်သမားများ၊ သေဆုံး ဒဏ်ရာရ၊ ဧရာဝတီ

## စက်တင်ဘာလ ၆ ရက်

သတင်းဂျာနယ်နစ်စောင် အကန့်အသတ်မရှိ ဆိုင်းငံ့ခံရ၊ မြန်မာတိုင်း

## စက်တင်ဘာလ ၇ ရက်

လယ်ယာမြေအငြင်းပွားမှုကြောင့် လယ်သမားများ၊ သေဆုံး ဒဏ်ရာရ၊ ဧရာဝတီ/မြန်မာ

## စက်တင်ဘာလ ၁၄ ရက်

မြန်မာဂျာနယ်လစ်ကွန်ရက်မှ ကြေငြာချက်တစ်စောင်ထုတ်ပြန်၊ မဇ္ဈိမ/မြန်မာ

စစ်ကိုင်း အလုပ်သမား အခွင့်အရေး ဆန္ဒပြသူများ ရုံးချိန်းတက်ရောက်၊ အီလဲဗင်/မြန်မာ

## စက်တင်ဘာလ ၁၅ ရက်

မော်ဘီမြို့နယ်တရားရုံးမှ တက်ကြွလှုပ်ရှားသူတစ်ဦးကို စွဲချက်တင်၊ အေအေပီပီ၏ လူမှုကွန်ရက်စာမျက်နှာ

အမျိုးသားလွှတ်တော်မှ အရေးပေါ် စီမံမှု အက်ဥပဒေအား ဖျက်သိမ်းရန် အတည်ပြု၊ မြန်မာတိုင်း

မိုင်းယော်ရွာသားများ သတ်ဖြတ်ခံရမှုအတွက် တပ်မတော်သားများအား ပြစ်ဒဏ်ချမှတ်၊ အီလဲဗင်း/မြန်မာ

မိုင်းယော်ရွာသားများ သတ်ဖြတ်ခံရမှုအတွက် တပ်မတော်သားများအား ပြစ်ဒဏ်ချမှတ်၊ ဒီဗွီဘီ/မြန်မာ

မိုင်းယော်ရွာသားများ သတ်ဖြတ်ခံရမှုအတွက် တပ်မတော်သားများအား ပြစ်ဒဏ်ချမှတ်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

## စက်တင်ဘာလ ၁၆ ရက်

မဟာ သန္တိသုခကျောင်းမှ ဆရာတော်များအား တရားစွဲဆိုထားမှု ရုပ်သိမ်းရန် လျှောက်ထားချက် ပယ်ချခံရ၊ The Voice/မြန်မာ

မိုင်းယော်ရွာသားများ သတ်ဖြတ်ခံရမှုအတွက် တပ်မတော်သားများအား ပြစ်ဒဏ်ချမှတ်၊ ဧရာဝတီ

မိုင်းယော်ရွာသားများ သတ်ဖြတ်ခံရမှုအတွက် တပ်မတော်သားများအား ပြစ်ဒဏ်ချမှတ်၊ ဒီဗွီဘီ

မိုင်းယော်ရွာသားများ သတ်ဖြတ်ခံရမှုအတွက် တပ်မတော်သားများအား ပြစ်ဒဏ်ချမှတ်၊ 7 Day Daily/မြန်မာ

မိုင်းယော်ရွာသားများ သတ်ဖြတ်ခံရမှုအတွက် တပ်မတော်သားများအား ပြစ်ဒဏ်ချမှတ်၊ BNI/မြန်မာ

မိုင်းယော်ရွာသားများ သတ်ဖြတ်ခံရမှုအတွက် တပ်မတော်သားများအား ပြစ်ဒဏ်ချမှတ်၊ ဘီဘီစီ

မိုင်းယော်ရွာသားများ သတ်ဖြတ်ခံရမှုအတွက် တပ်မတော်သားများအား ပြစ်ဒဏ်ချမှတ်၊ ဗွီအိုအေ/မြန်မာ

## စက်တင်ဘာလ ၁၉ ရက်

မိုင်းယော်ရွာသားများ သတ်ဖြတ်ခံရမှုအတွက် တပ်မတော်သားများအား ပြစ်ဒဏ်ချမှတ်၊ မြန်မာတိုင်း

## စက်တင်ဘာလ ၂၀ ရက်

ရက္ခိုင့် တပ်မတော်နှင့် ဆက်နွယ်ခြင်းအတွက် စစ်တပ်မှ အမျိုးသား တစ်ဦးကို ဖမ်းဆီး၊ BNI/မြန်မာ

စစ်ကိုင်း အလုပ်သမား အခွင့်အရေး ဆန္ဒပြသူများ ရုံးချိန်းတက်ရောက်၊ အီလဲဗင်/မြန်မာ

*စစ်ကိုင်း အလုပ်သမား အခွင့်အရေး ဆန္ဒပြသူများ ရုံးချိန်းတက်ရောက်၊ အီလဲဗင်း*
*စစ်ကိုင်း အလုပ်သမား အခွင့်အရေး ဆန္ဒပြသူများ ရုံးချိန်းတက်ရောက်/7 Day Daily/မြန်မာ*

စက်တင်ဘာလ ၂၂ ရက်

*ရက္ခိုင့်တပ်မတော်နှင့် ဆက်နွယ်ခြင်းအတွက် စစ်တပ်မှ အမျိုးသား တစ်ဦးကို ဖမ်းဆီး၊ BNI/မြန်မာ*

*ရက္ခိုင့်တပ်မတော်နှင့် ဆက်နွယ်ခြင်းအတွက် စစ်တပ်မှ အမျိုးသားတစ်ဦးကို ဖမ်းဆီး၊ The Voice/မြန်မာ*

*ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) မှ ထိန်းသိမ်းထားသော ရွာသားများကို ပြန်လွှတ်ပေး၊ လွတ်လပ်သော အာရှအသံ/မြန်မာ*

စက်တင်ဘာလ ၂၃ ရက်

*ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) မှ ထိန်းသိမ်းထားသော ရွာသားများကို ပြန်လွှတ်ပေး၊ မြန်မာတိုင်း*

စက်တင်ဘာလ ၂၄ ရက်

*ရက္ခိုင့်တပ်မတော်နှင့် ဆက်နွယ်ခြင်းအတွက် စစ်တပ်မှ အမျိုးသားတစ်ဦး ကို ဖမ်းဆီး၊ BNI/မြန်မာ*

စက်တင်ဘာလ ၂၆ ရက်

*မြန်မာနိုင်ငံ၏ အကျဉ်းထော င် အခြေအနေနှင့် အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေး အလားအလာ အစီရင်ခံစာ စတင်မိတ်ဆက် ၊ အေအေပီပီ၏ အင်တာနက် စာမျက်နှာ*

စက်တင်ဘာလ ၃၀ ရက်

*သဘာဝပတ်ဝန်းကျင် ပျက်စီးရခြင်းအကြောင်းကို "ဆောင်းပါးရေးသားခြင်း အတွက် စာရေးဆရာတစ်ဦး ပြစ်ဒဏ်ချမှတ်ခံ ခဲ့ရပြီးနောက် လွတ်မြောက် ၊ လွတ်လပ်သော အာရှအသံ/မြန်မာ*
*သဘာဝပတ်ဝန်းကျင် ပျက်စီးရခြင်းအကြောင်းကို "ဆောင်းပါးရေးသားခြင်း အတွက် စာရေးဆရာတစ်ဦး ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီးနောက် လွတ်မြောက်၊ ဒီဗွီဘီ/မြန်မာ*

ဆက်သွယ်မေးမြန်းရန်
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း
တိတ်နိုင် အတွင်းရေးမှူး +၆၆(၀) ၈၁၂၈၇၈ ၇၅၁
ဘိုကြည် တွဲဘက်အတွင်းရေးမှူး +၉၅(၀) ၉၄ ၂၅၃၀ ၈၈၄၀